

# စစ်အာဏာသိမ်းမှုနှင့်
# ရာသီဥတုပြောင်းလဲမှုတည်းဟူသော
# နှစ်ထွေဆင်းရဲဒုက္ခကြားတွင် ပိတ်မိနေခြင်း

မြန်မာနိုင်ငံတွင်းရှိ ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများက မကြုံစဖူး
ကြီးမားပြင်ထန်သောဖိအားများကြား တရားမျှတမှု ရရှိရေးအတွက်
ဆက်လက်ရုန်းကန်အားထုတ်မှု

All Burma Indigenous Peoples' Alliance
ABIPA

abipa2021@gmail.com

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဋ္ဌာနေတိုင်းရင်းသားများမဟာမိတ်အင်အားစု (ABIPA) ၏
# သုတေသနပြုလေ့လာမှုအပေါ် အခြေခံသော
# အနှစ်ချုပ်စာတမ်း

# Contents


မိတ်ဆက်နိဒါန်း/အနှစ်ချုပ်တင်ပြချက် ၄

အကြံပြုချက်များ ၇

မြန်မာနိုင်ငံတွင်းရှိ ဌာနေတိုင်းရင်းသားပြည်သူများ ၉

မြန်မာနိုင်ငံတွင်းရှိဌာနေတိုင်းရင်းသားပြည်သူများ၏ တစ်နေ့တစ်ခြားပိုမိုဆိုးရွားလာသော
လူမှုစီးပွားရေးအခြေအနေများ ၁၀

    မရှိမဖြစ်အခြေခံဝန်ဆောင်မှုများ ရရှိပိုင်ခွင့်ကို ငြင်းဆန်ခြင်း ၁၀

    စားနပ်ရိက္ခာနှင့်အသက်မွေးဝမ်းကျောင်းမှုဖူလုံရေးအပေါ် ပိုမိုကြီးမားလာသောဖိအားများ ၁၁

သဘာဝသယံဇာတတူးဖော်ထုတ်ယူခြင်းနှင့် ဒေသခံတို့၏သဘာဝပတ်ဝန်းကျင်
ကာကွယ်ထိန်းသိမ်းရေး အားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များ ၁၃

    ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် ၁၃

    ကချင်ပြည်နယ်၊ မြစ်ကြီးနား ၁၄

    ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ် ၁၆

    တနင်္သာရီတိုင်းဒေသကြီး ၁၉

    ကရင်ပြည်နယ်၊ သံတောင်ကြီး ၂၁

နိဂုံး ၂၃

# မိတ်ဆက်နိဒါန်း /အနှစ်ချုပ်တင်ပြချက်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့်ဂေဟစနစ်ပိုင်းဆိုင်ရာအရင်းအမြစ်များ ပေါများကြွယ်ဝခြင်းနှင့် ကွဲပြားစုံလင်သော နိုင်ငံတစ်ခုဖြစ်၏။ မြောက်ဘက်ဆုံးကချင်ပြည်နယ်တွင်းရှိ အယ်လ်ပိုင်းသစ်တောများနှင့်ဆီးနှင်းများဖုံးလွှမ်းနေသော တောင်တန်းများမှသည် တောင်ဘက်ဆုံး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေနိမ့်မိုးသစ်တောများ၊ ဒီရေတောများနှင့်အဏ္ဏဝါဂေဟစနစ်များအထိ ဇီဝပိုင်းဆိုင်ရာကွဲပြားစုံလင်သော ဂေဟစနစ်များစွာ ဖြစ်တည်နေသည်။ မြန်မာနိုင်ငံ၏ ဇီဝမျိုးကွဲမျိုးစုံနှင့် သဘာဝ သယံဇာတများမှာ အမျိုးမျိုးသောဌာနေတိုင်းရင်းသားတို့၏ ပိုင်နက်နယ်မြေများတွင်သာ ပေါများကြွယ်ဝစွာတည်ရှိနေခြင်း ဖြစ်၏။ အဆိုပါဌာနေတိုင်းရင်းသားများသည် အစဉ်အဆက်လိုက်နာကျင့်သုံးလာခဲ့သော ၎င်းတို့ကိုယ်ပိုင် ထုံးတမ်းစဉ်လာ ကျင့်ကြံဆောင်ရွက်မှုပုံစံများ၊ အင်စတီကျူးရှင်းများနှင့် စုပေါင်းဆောင်ရွက်မှုနည်းလမ်းများမှတဆင့် ၎င်းတို့၏ရေမြေတော တောင်သဘာဝကို ကာကွယ်စောင့်ရှောက်ကာ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်။ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်း များနှင့် ၎င်းတို့ပတ်ဝန်းကျင်ရှိဇီဝမျိုးကွဲမျိုးစုံတို့ကြားမှ ဆက်နွယ်မှုများက ယနေ့ထိအောင် အားကောင်းခိုင်မာနေဆဲပင်ဖြစ်လေရာ မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသားလူမျိုးများသည် အရှေ့တောင်အာရှဒေသတွင်း ဇီဝမျိုးကွဲမျိုးစုံ အများဆုံးရှင်သန်ကျန်ရစ်သည်ဟုဆိုနိုင်သော နယ်မြေဒေသများတွင် ဆက်လက်နေ ထိုင်နေခဲ့ကြ၏။ သို့သော် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများနှင့် ၎င်းတို့၏ ပိုင်နက်နယ်မြေများအပေါ် ကျရောက်လာသောတစ်နေ့တစ်ခြား ပိုမိုကြီးမားလာသည့် စိန်ခေါ်မှုအခက် အခဲများက ထိုအခြေအနေကိုပျက် ယွင်းသွားအောင် ခြိမ်းခြောက်နေခဲ့ပြီဖြစ်သည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါဆိုး ဆိုးရွားရွားပျံ့နှံ့ဖြစ်ပွားနေစဉ်ကာလအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ် သည် အာဏာသိမ်းမှုတစ်ရပ်စီစဉ်ဆောင်ရွက်ကာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များကိုပယ်ဖျက်ပြီးနိုင်ငံတဝှမ်းမှ နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့၏။ အကျိုးဆက်အနေနှင့် မြန်မာနိုင်ငံတစ်နံ့တစ်လျားရှိ မြို့ကြီးများ၊ နယ်မြို့များနှင့်ကျေးရွာများတွင် ကြီးမားကျယ်ပြန့်သော လူထုဆန္ဒပြပွဲများ ပေါ်ထွက်လာခဲ့သည်။ထိုဆန္ဒပြပွဲများကို စစ်တပ်ကရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်နှိမ်နင်းခဲ့ခြင်းကြောင့် ကြီးမား ကျယ်ပြန့်သောအကြမ်းမဖက် ဆန့်ကျင်လှုပ်ရှားမှုတစ်ရပ်က နိုင်ငံတစ်နံ့တစ်လျား လက်နက်ကိုင်ဆန့်ကျင်တော်လှန်မှုတစ်ရပ်အဖြစ်သို့ ကူးပြောင်းသွားခဲ့သည်။ မြို့ကြီးမြို့ငယ်နေပြည်သူများသည် ဒေသကာကွယ်ရေးအင်အားစု(LDFs) များအဖြစ် စုစည်းပြင်ဆင်ပြီး တိုင်းရင်း သားတော်လှန်ရေးအဖွဲ့အစည်း (EROs) များတို့၏ပိုင်နက်နယ်မြေများတွင် ဝင်ရောက်ခိုလှုံကာ စစ်ရေးလေ့ကျင့်သင်ကြားမှု များလုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာစစ်တပ်၏တိုက်ခိုက်မှုများ (တဖန်) အရှိန်အဟုန်မြင့်လာခဲ့ပြီး တိုင်းရင်းသား လူမျိုးများတို့၏ လယ်ယာမြေများနှင့်သစ်တောများတွင် လက်နက်ကိုင်ပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော

ရာဇဝတ်မှုများ အသစ်တဖန်ဆိုးရွားပြင်းထန်လာခဲ့ပြန်သည်။ ထိုနယ်မြေဒေသများမှာ ဆယ်စုနှစ်များစွာ ရှည်ကြာသောပြည်တွင်းစစ်၏ဒဏ်ကို ခါးစည်းခံလာခဲ့ရပြီးသောနယ်မြေဒေသများ ဖြစ်လေသည်။[၁]

ယခုအချိန်ထိဆိုလျှင် တစ်နေ့တစ်ခြားပိုမိုပြင်းထန်လာသောပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူပေါင်း တစ်သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ပြီး ထိုသူတို့အနက် အနည်းဆုံး ၅၀% မှာ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ပိုင်နက်နယ်မြေ များအတွင်း နေထိုင်သူများဖြစ်၏။[၂] အဆိုပါနယ်မြေဒေသများတွင် မြန်မာစစ်တပ်က စစ်ရေးပြင်ဆင်မှုများကို တစ်နေ့တစ် ခြားပိုမိုအရှိန်မြှင့်လာခဲ့ပြီး လမ်းခရီးများတွင် အတားအဆီးများနှင့်စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိကာ ဒေသခံရပ်ရွာလူမှု အသိုက်များ၏လှုပ်ရှားသွားလာမှုကို ကန့်သတ်ထိန်းချုပ်လာခဲ့သည့်အပြင် အကြမ်းဖက်မှုများလည်း တိုးမြှင့်လုပ်ဆောင်လာခဲ့သဖြင့် ကြောက်ရွံ့ညှိုးငယ်စွာနေထိုင်ရှင်သန်ရသော ဝန်းကျင်တစ်ရပ် ဖြစ်တည်လာခဲ့သည်။ ပြည်တွင်းစစ်အရှိန်အဟုန်မြင့် တက်လာခဲ့ခြင်းက ပဋိပက္ခစီးပွားရေးကဏ္ဍ (conflict economy) တစ်ရပ်အတွက်လည်း လမ်းဖွင့်ပေးခဲ့သည်။ သဘာဝသယံဇာတများကို ဥပဒေအထိန်းအကွပ်မရှိ၊ စည်းမဲ့ကမ်းမဲ့ အလျှင်အမြန် တူးဖော်ထုတ်ယူသော စီးပွားရေးကဏ္ဍကိုဆိုလိုသည်။ အကျိုးရလာဒ်အနေနှင့် မြန်မာနိုင်ငံ၏ဌာနေတိုင်းရင်းသားပြည်သူများအတွက် ကြီးမားသောဆင်းရဲဒုက္ခကို ပေးစွမ်းခဲ့သည်ဖြစ်ရာ ယခုအခါ ထိုသူတို့မှာ ၎င်းတို့၏ဘဝအသက်တာများ၊ သစ်တောများနှင့်ပိုင်နက်နယ်မြေများ ဆက်လက်ရှင်သန်ဖြစ် တည်နိုင်ရေးအတွက် အကြီးအကျယ်ရုန်းကန်နေကြရလေသည်။

ဤအနှစ်ချုပ်စာတမ်းသည် ဌာနေတိုင်းရင်းသားလူမျိုးအဖွဲ့အစည်း ၄၀ ကျော် ပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာဌာနေ တိုင်းရင်းသားများမဟာမိတ်အင်အားစု (ABIPA) မှအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သုတေသနစီမံကိန်းတစ်ရပ်အပေါ် အခြေခံကာ ရေးဆွဲပြုစုထားခြင်းဖြစ်သည်။ ABIPA မဟာမိတ်အဖွဲ့ဝင်များက သုတေသနပြုလေ့လာမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်လုပ်ဆောင်သွားရန်ဆန္ဒရှိသော်လည်း နယ်မြေဒေသများစွာအတွင်း အလျှင်အမြန်ယိုယွင်းလာသောလုံခြုံ ရေးအခြေအနေကြောင့် သုတေသနပြုလေ့လာနိုင်ခဲ့သည့်နေရာဒေသအရေအတွက်မှာ များစွာအကန့်အသတ်ရှိခဲ့သည်။ အဆိုပါသုတေသနစီမံကိန်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးစုစုပေါင်း ၄ ခုတွင် တည်ရှိသော မြို့နယ်ပေါင်း ၇ မြို့နယ်မှ ကျေးရွာ ၂၂ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လူပုဂ္ဂိုလ် ၂၃၃ ဦး (မ – ၁၃၁ ဦး၊ ကျား – ၁၀၂ ဦး) နှင့်တွေ့ဆုံမေးမြန်းမှုများ နှင့် အုပ်စုလိုက်ဆွေးနွေးပွဲ (FGDs) များပါဝင်ခဲ့သည်။ မဟာမိတ်အဖွဲ့ဝင် အဖွဲ့အစည်းများကကြီးမှူးစီစဉ်ပြီး နယ်မြေဒေသခံ သုတေသနပြုလေ့လာမှုအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အာဏာသိမ်းမှုနောက်ပိုင်း ၎င်းတို့ပိုင်နက်နယ်မြေတဝှမ်း သယံဇာတတူးဖော်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးရသည်ကို မြင်တွေ့လာရပြီးနောက် ABIPA သည် အဆိုပါ သုတေသနပြုလေ့လာမှုကို စတင် ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ABIPA အဖွဲ့ဝင်များသည်သယံဇာတ

1. https://www.hrw.org/news/2021/07/31/myanmar-coup-leads-crimes-against-humanity
2. https://reporting.unhcr.org/document/3248




တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ချဲ့ထွင်မှု အနေအထားနှင့် ထိုသို့တိုးမြှင့်ချဲ့ထွင်ခဲ့ခြင်းကြောင့် ဌာနေတိုင်းရင်းသားတို့၏ ဘဝများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပိုင်နက်နယ်မြေများအပေါ် ကျရောက်လာသော အကျိုးသက်ရောက်မှုများတို့ကို ဆန်းစစ်လေ့လာရန် ဦးတည် ရည်ရွယ်ခြင်းဖြစ်၏။ နယ်မြေတစ်ခုနှင့်တစ်ခု အခြေအနေ အကြောင်းအရာချင်းကွာခြားမှုရှိသည် မှန်သော်လည်း သယံဇာတတူးဖော်ထုတ်လုပ် မှုနှင့်ပတ်သက်၍ ဖြစ်တည်လာခဲ့သောအကြောင်းခြင်းရာများက နယ်မြေဒေသများအားလုံးတွင် တစ်ပုံစံတည်းလိုလိုဖြစ်နေခဲ့သည်။ တရားဝင်ခွင့်ပြုမိန့်မရှိဘဲ ဥပဒေမဲ့ လုပ်ကိုင်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းသစ်များအလျှို အလျှိုထွက်ပေါ်လာခဲ့သည်။ ယခင်ကဆိုလျှင် တရားမဝင်သတ္တုတူးဖော်မှုသည် လျှို့ဝှက် လုပ်ကိုင်ဆောင်ရွက်သည့် ဥပဒေအရ တားမြစ်ထားသောလုပ်ငန်းတစ်ရပ်ဖြစ်သော်လည်း ယခုအခါတွင်မူ စီးပွားရေးသမားများမှာ အရေးယူမည်ကိုစိုးထိတ်စရာမလိုဘဲ ၎င်းတို့၏ လုပ်ငန်းများအား ပေါ်ပေါ်ထင်ထင်ဆောင်ရွက်လာခဲ့သည်ကိုကြည့်လျှင် မြန်မာနိုင်ငံတွင်း ဥပဒေစိုးမိုးမှုက မည်မျှအတိုင်း အတာအထိယိုယွင်းပျက်စီးသွားခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်သည်။ စီးပွားရေးသမားများသည် တရားဝင်ခွင့်ပြုမိန့် များရယူမည့်အစား အနီးပတ်ဝန်းကျင်မှ SAC တပ်ဖွဲ့များ၏သဘောတူခွင့်ပြုချက်ဖြင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ကာ ပြည်သူလူထုကို ဆက်လက်ဖိနှိပ်နိုင်အောင် တပ်မတော်တပ်ရင်းများအားပံ့ပိုးကူညီသည့် ဝင်ငွေအရင်းအမြစ်တစ်ရပ်အနေဖြင့် ပါဝင်နေခဲ့ကြသည်။

# အကြံပြုချက်များ

မြောက်ပိုင်းကချင်ပြည်နယ် ပူတာအိုနှင့်မြစ်ကြီးနား၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်၊ ကရင်ပြည်နယ် သံတောင်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သုတေသနပြုလေ့လာမှုမှ ထွက်ပေါ်လာသောရလာဒ်များကို ခွဲခြမ်းလေ့လာဆန်းစစ်ခြင်းမှတဆင့် အောက်ပါအကြံပြုချက်များကို တင်ပြအပ်ပါသည်။

(၁) သုတေသနပြုလေ့လာမှုလုပ်ဆောင်ခဲ့သည့် နေရာဒေသများမှာ လူနည်းစုဌာနေတိုင်းရင်းသားလူမျိုးများတို့၏ ပိုင်နက်နယ်မြေများတွင်တည်ရှိသည်။ ထိုဌာနေတိုင်းရင်းသားတို့၏ဘဝများသည် ၎င်းတို့၏စားနပ်ရိက္ခာ၊ ယဉ်ကျေးမှုနှင့်အသက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်သော ၎င်းတို့ပတ်ဝန်းကျင်မှရေ၊ မြေ၊ သစ်တောများနှင့် အပြန်အလှန်အမှီသဟဲပြုကာ ရှင်သန်ဖြစ်တည်နေကြသည်။မတည်ငြိမ်မှုပိုမိုကြီးမားလာပြီး အာဏာရှင်ဝါဒ ပိုမို ခေါင်းထောင်လာသည့် အခြေအနေတွင်သဘာဝသယံဇာတများ အထိန်းအကွပ်မဲ့ ဗရမ်းဗတာတူးဖော်ထုတ်ယူမှုများ တစ်နေ့တစ်ခြားပိုမိုများ ပြားလာ ခဲ့ခြင်းက အဆိုပါအခြေခံအုတ်မြစ်ကိုဖြိုဖျက်ကာ မြေယာနှင့်သစ်တောအပေါ်အမှီသဟဲပြုနေသည့် နိုင်ငံတဝှမ်းမှ လူသူသန်းပေါင်းများစွာ၏ ဘဝများကို ထိခိုက်ပျက်စီးစေမည့် ခြိမ်းခြောက်မှုကြီးတစ်ရပ် ဖြစ်လာခဲ့၏။ သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်အားထပ်တိုးဖျက် ဆီးမှုကို ရပ်တန့်နိုင်ရန်အတွက် အဓိကသက်ဆိုင်သူ (stakeholders) များအနေဖြင့် အရေးပေါ်ကိုင်တွယ်ဖြေရှင်းဆောင်ရွက် မှုများကို မဆိုင်းမတွချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဤလေ့လာမှုစာတမ်းမှ အကြံပြုတိုက်တွန်းပါသည်။

(၂) ဤလေ့လာမှုတွင် ဒေသအာဏာပိုင်အဖွဲ့များနှင့် စီးပွားရေးသမားများက သဘာဝသယံဇာတများအားချုပ်ကိုင်ရန်နှင့် တူးဖော်ထုတ်လုပ်ရန်အတွက် တရားဥပဒေစိုးမိုးမှုပြိုလဲနေသောအခြေအနေကို မည်သည့်အတိုင်းအတာအထိ အမြတ်ထုတ် အသုံးချနေခဲ့ကြောင်း ဆန်းစစ်ဖော်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံ၏မြေယာများ၊ သစ်တောများနှင့် ဇီဝမျိုးကွဲမျိုးစုံအပေါ် အလွန် လျင်မြန်ပြီး ပြန်လည်ပြင်ဆင်ကုစားရန်မဖြစ်နိုင်သည့် ဤထိခိုက်ပျက်စီးစေမှုအတွက် အာဏာသိမ်းသူတို့တွင် အဓိကတာဝန် ရှိမည်ဖြစ်ပြီး နောင်လာလတ္တံ့သော အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များမှတဆင့် တာဝန်ခံစေရမည်။ ထို့အတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ဤကာလအတွင်းကျူးလွန်ဖြစ်ပွားခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှုနှင့်ဖျက်ဆီးမှုများအားလုံးကို စနစ်တကျမှတ်တမ်းတင်စာရင်းပြုစုထားရန် ကျွန်ုပ်တို့တိုက်တွန်းအကြံပြုပါသည်။

(၃) ဒေသခံဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ဘဝရပ်တည်နေထိုင်မှုပုံစံကြောင့်ပင် ၎င်းတို့ပိုင်နက်နယ်မြေများအတွင်း သစ်တောများနှင့် ဇီဝမျိုးကွဲမျိုးစုံကို ကာကွယ်စောင့်ရှောက်ကာ ဆက်လက်

ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထိုသို့ကာကွယ်ထိန်း သိမ်းပိုင်ခွင့်သည်ပင် ၎င်းတို့၏မူလမွေးရာပါရပိုင်ခွင့် ဖြစ်၏။ "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်ထောင်အားဖြင့် ယူသော်ရ၏ (if one person cannot do it alone, a thousand people can do it collectively)" ဟူသောဆိုရိုးစကားနှင့်အညီ ရပ်ရွာလူမှုအသိုက်အဝန်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများ (ဥပမာ ထုံးတမ်းစဉ်လာကျင့်ကြံဆောင်ရွက်မှုပုံစံများကို ပိုမိုအားကောင်းခိုင်မာလာ အောင်ဆောင်ရွက်ခြင်း၊ သစ်တောများအားစောင့်ကြည့်လေ့လာစစ်ဆေးခြင်းနှင့် ဒေသစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်ကြံဆောင်ရွက်စေရန် ကြပ်မတ်ထိန်းသိမ်းခြင်း) ကို ဆက်လက်ဆောင်ရွက်သွားရန် ကျွန်ုပ်တို့တိုက်တွန်းအကြံပြုပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အဆိုပါအားထုတ်ကြိုးပမ်းဆောင်ရွက် မှုများကို အားပေးကူညီထောက်ပံ့သင့်သည်။

(၄) ဒေသခံတို့၏စီမံခန့်ခွဲမှုအောက်ရှိ အရင်းအမြစ်များအား ခိုးယူမှုနှင့် မတရားလုယက်မှုတို့တွင် စီးပွားရေးသမားများနှင့် အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်နေသည့်ကိစ္စရပ်မျိုး၌ ထိုသူတို့သည် ရပ်ရွာလူမှုအသိုက်အဝန်းများကိုသွေးခွဲကာ ဒေသခံပြည်သူများကို ၎င်းတို့ဇာတိမြေများအား ဖျက်ဆီးခြင်းနှင့် ရောင်းချခြင်းတို့တွင် ပူးပေါင်းပါဝင်လာအောင် မက်လုံးပေး ဆွဲဆောင်ဖြားယောင်းလေ့ရှိသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုကြောင့် ပိုမိုဆင်းရဲတွင်းနက်လာခဲ့သည်ဖြစ်ရာ ဒေသခံရပ်သူရွာသားအချို့မှာ ၎င်းတို့၏မြေယာများကိုစွန့်လွှတ်ပြီး ရွှေတွင်းများတွင်ဝင်ရောက်အလုပ်လုပ်ကိုင်ကြသည်။ ၎င်းတို့၏ အရင်းအမြစ်များကိုလည်း နယ်မြေဒေသတွင်းရှိကုမ္ပဏီများထံ လက်လွှဲရောင်းချခဲ့ကြ၏။ သဘာဝပတ်ဝန်းကျင် ဆက်လက်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအလို့ငှာ ဌာနေတိုင်းရင်းသားတို့၏ပိုင်နက်နယ်မြေများအတွင်း သို့သဘာဝသယံဇာတများတူးဖော်ထုတ်ယူရန်ဝင်ရောက်လာသည့် စီးပွားရေးသမားများကို ပြတ်ပြတ်သားသားငြင်းပယ်ရမည်ဖြစ်သည်။ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများအနေဖြင့် ဤသို့သောတည်ငြိမ်မှုကင်းမဲ့သည့်ကာလကို ကုမ္ပဏီများမှအမြတ်ထုတ်အသုံးချခြင်းမပြုနိုင်အောင် ပိတ်ပင်တားဆီးရန် ကျွန်ုပ်တို့တောင်းဆိုပါသည်။

(၅) ဤသုတေသနပြုလေ့လာမှုသည် မြန်မာစစ်တပ်က အရပ်သားပြည်သူများအပေါ်ရက်ရက်စက်စက် တိုက်ခိုက်မှုများနှင့် ၎င်းတို့၏သစ်တောများ၊ မြစ်ချောင်းများနှင့်ဇီဝမျိုးကွဲမျိုးစုံအား မတရားခိုးယူလုယက်မှုများတို့ကို မည်သို့မည်ပုံအရှိန်အဟုန် မြှင့်ဆောင်ရွက်နေခဲ့ကြောင်း ထင်ထင်ရှားရှားဖော်ထုတ်တင်ပြခဲ့သည်။ ထို့အတွက် နိုင်ငံအစိုးရများ၊ UN၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ကွန်ယက်များအနေဖြင့် လက်တွေ့အရေးယူကိုင်တွယ်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့တောင်းဆိုပါသည်။ မြန်မာနိုင်ငံကို အာဏာသိမ်းစစ်အုပ်စုလက်အောက်မှလွတ်မြောက်အောင် ဆောင်ရွက်နိုင်မှသာ သဘာဝသယံဇာတများအား အမှန် တကယ်ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

# မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသား ပြည်သူများ

ဤအနှစ်ချုပ်စာတမ်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများအတွင်း လုပ်ဆောင်ခဲ့သည့် သုတေသနပြုလေ့လာမှုအပေါ်တွင်အခြေခံကာ ရေးဆွဲပြုစုခဲ့ခြင်းဖြစ်သည်။ သုတေသနပြု လေ့လာမှုလုပ်ဆောင်ခဲ့သည့်နေရာ များတွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၅ ရွာနှင့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာ ၃ ရွာ၊ ရှမ်းပြည် နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၅ရွာ၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာ ၂ ရွာနှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အတွင်းရှိ ကျေးရွာ ၇ ရွာတို့ ပါဝင်သည်။

အဆိုပါနယ်မြေဒေသတစ်ခုချင်းစီရှိ ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် ၎င်းတို့နှင့် ၎င်းတို့၏ ပိုင်နက်နယ်မြေ များ၊ သစ်တောများနှင့် ဇီဝမျိုးကွဲမျိုးစုံတို့ကြားမှ နီးကပ်သောဆက်နွယ်မှုများကို ဆက်လက် ထိန်းသိမ်းထားခဲ့သည်။ တကယ်တမ်းတွင် မြန်မာနိုင်ငံတွင်း ဌာနေတိုင်းရင်းသားတို့၏ပိုင်နက်နယ်မြေများ (ဤလေ့လာမှုတွင် ပါဝင်သော ရပ်ရွာလူမှုအသိုက် အဝန်းများအပါအဝင်) သည် အရှေ့တောင်အာရှဒေသ တွင်း အမျိုးအစားအစုံလင်ဆုံးနှင့်အကြွယ်ဝဆုံး သစ်ပင်သစ်တောများ နှင့်ဇီဝမျိုးကွဲမျိုးစုံ ဖြစ်တည်နေသည့် သဘာဝတောတောင်ရေမြေများပေါ်တွင် တည်ရှိသည်။ ရပ်ရွာလူမှုအသိုက်အဝန်းများသည် သစ်တောထွက် အစားအစာများ၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ တိရစ္ဆာန်စားကျက်မြက်ခင်းများ၊ ဆေးဖက်ဝင်အပင်များ၊ တစ် ပိုင်တစ်နိုင်ဆောက်လုပ်ရေးပစ္စည်းများနှင့် ရိုးရာဓလေ့အခမ်းအနားများတို့အတွက် ၎င်းတို့ပတ်ဝန်းကျင်ရှိသစ် တောများကို မှီခိုအားထားကြပြီး တပြိုင်တည်းမှာပင် နယ်မြေဒေသတွင်း အသိပညာ ဗဟုသုတများနှင့် ဓလေ့ ထုံးတမ်းများအပေါ်တွင် အခြေခံသည့် သီးခြားကိုယ်ပိုင်သစ်တောစီမံခန့်ခွဲမှုပုံစံများကို ချမှတ်တည်ဆောက် ခဲ့ကြသည်။ အဆိုပါစနစ်များမှာ နယ်မြေ ဒေသအဆင့်နှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ အလွန်တရာ အရေးပါသောဂေဟစနစ်များကို ဆက်လက်ထိန်းသိမ်းရန်အတွက် အလွန်တရာထိရောက်ကောင်းမွန်ကြောင်း အထင်အရှားတွေ့မြင်ခဲ့ရပြီး ယခုအခါတွင် ၎င်းတို့ကို ဌာနေတိုင်းရင်း သားလူမှုအသိုက်အဝန်းမှကာကွယ် ထိန်းသိမ်းသောနယ်မြေများ (ICCAs) အဖြစ် နိုင်ငံတကာကအသိအမှတ်ပြုလက်ခံထားပြီး ဖြစ်သည်။[၃]

ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများနှင့် ၎င်းတို့၏သစ်တောများတို့ကြားမှ ဆက်နွယ်မှုများက မျိုးဆက်များစွာတိုင် အောင်တည်တံ့လာခဲ့ပြီးဖြစ်သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာ ဏာသိမ်းမှုသည် နိုင်ငံတစ်နံ့တစ်လျားမှ ရပ်ရွာ လူမှုအသိုက်အဝန်းများအတွက် မကြုံစဖူး ဆိုးရွားပြင်းထန် သောစိန်ခေါ်မှုအခက်အခဲများ ဖြစ်ပေါ်လာစေခဲ့သည်။ ပိုမိုပြင်းထန်ဆိုးရွားလာသောပဋိပက္ခ၊ ယိုယွင်းပျက်စီး သွားသော တရားဥပဒေစိုးမိုးမှုအခြေအနေနှင့် ပြိုလဲသွားသောအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတို့

3. For more information on ICCAs internationally, please visit: https://www.iccaconsortium.org/ . For more information on ICCAs in Myanmar, reports can be found at the following link: https://www.iccaconsortium.org/index.php/category/world-en/asia-en/myanmar-en/

ကြောင့် အထိန်းအကွပ်မဲ့ သယံဇာတ တူးဖော်ထုတ်လုပ်မှုတစ်ရပ်က အတားအဆီးမရှိ အလျင်အမြန်ကြီး ထွားလာခဲ့ပြီး အသက်မွေးဝမ်းကျောင်းမှုအတွက် ရပ်ရွာလူမှုအသိုက်အဝန်းများမှ အမှီသဟဲပြုနေရသည့် စိုက်ပျိုး မြေများနှင့်မြစ်ချောင်းများ ညစ်ညမ်းသွားခဲ့သည့်အပြင် မျိုးဆက်များစွာတိုင်အောင် ၎င်းတို့ကာကွယ် ထိန်းသိမ်းလာခဲ့သော သစ်တောများမှာလည်း ပျက်စီးသွားခဲ့ရသည်။

## မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသား ပြည်သူများ၏ တစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာသော လူမှုစီးပွားရေးအခြေအနေ

ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် အဆက်ဆက်သော လူမျိုးကြီးဝါဒီအရပ်သားအစိုးရ များနှင့် စစ်အုပ်ချုပ်ရေး အဖွဲ့များ၏ ခွဲခြားဖယ်ထုတ်မှုကို ကာလကြာရှည် ရင်ဆိုင်ခံစားလာခဲ့ရသည်။ ကုန်း မြင့်ဒေသများတွင်အဓိကနေထိုင်သည့် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် နိုင်ငံတော်အစိုးရ၏ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှုနည်းပါးပြီး ဒေသခံပြည်သူများအား ဗဟိုသို့ဝါးမျိုစုစည်းကာ ဒေသ အလိုက်ယဉ်ကျေးမှုများနှင့်ဘာသာစကားများကို ငြင်းပယ်ရန်ဦးတည် ရည်ရွယ်သည့်မူဝါဒများ၏ ပစ်မှတ် ထားခြင်းကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အပြင် ဆယ်စုနှစ်များစွာရှည်ကြာလာခဲ့ပြီဖြစ်သော ပြည်တွင်းစစ်၏ဒဏ် ကို ခါးခါးသီးသီးခံစားလာခဲ့ရသည်။ အဆိုပါဆင်းရဲဒုက္ခများကြားမှပင် မြန်မာနိုင်ငံတွင်းရှိ ဌာနေတိုင်းရင်းသား လူမျိုးများသည် နယ်မြေဒေသတွင်း သစ်တောအခြေပြုနှင့် စိုက်ပျိုးရေးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့် နေ့တဓူဝ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ထုံးတမ်းစဉ်လာအင်စတီကျူးရှင်းများတို့အပေါ် မှီခိုအားထား လျက် နိုင်ငံအစိုးရ၏အာဏာ အောက်မှအတော်အတန်လွတ်ကင်းသောပုံစံဖြင့် သီးခြားနေထိုင်နိုင်ခဲ့ကြ၏။ သို့သော် ရာသီဥတုပြောင်းလဲမှုနှင့် စစ်အာဏာသိမ်းမှုကို ယှဉ်တွဲကြုံတွေ့ခဲ့ရသည့် ဌာနေတိုင်းရင်းသားလူမှု အသိုက်အဝန်းများအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့်သက် ဆိုင်သောအခက်အခဲပြဿနာများက တစ်နေ့ တစ်ခြားပိုမိုကြီးထွားလာခဲ့သည်။

### မရှိမဖြစ်အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိပိုင်ခွင့်ကို ငြင်းပယ်ခြင်း

သုတေသနပြုလေ့လာမှုအရ အဆိုပါလေ့လာမှုတွင်ပါဝင်သော အိမ်ထောင်စုများ၏ ၃၁% မှာ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရယူနိုင်ခြင်းမရှိဘဲ ၅၉% က ကျန်းမာရေးလုပ်သား တစ်ဦးထံ တွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သည်။ ၎င်း တို့အနက် ၃၀% က ဆေးခန်းတစ်ခုကို လက်လှမ်းမီ သွားရောက်နိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအများစုကို မြန်မာနိုင်ငံ ဗဟိုအစိုးရမှပေးအပ်ခြင်းမဟုတ် ဘဲ NGOs များကသော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုအုပ်ချုပ်ရေးအဖွဲ့များကသော် လည်းကောင်း စီစဉ်ပေးအပ်ခြင်းဖြစ်သည်။ သို့သော် အာဏာသိမ်းမှုနောက်ပိုင်းတွင် ပဋိပက္ခအရှိန်အဟုန်မြင့်တက်လာပြီး စစ်တပ်က လမ်းများပေါ်တွင် အတားအဆီးများနှင့် စစ်ဆေးရေးဂိတ်များထားရှိကာ ကန့်သတ်ပိတ်ပင်မှုများ

လုပ်ဆောင်လာခဲ့ ခြင်းကြောင့် ကျန်းမာရေးလုပ်သားများအဖို့ ကျေးရွာများသို့သွားရောက်ရန် ပိုမိုခက်ခဲလာခဲ့သည်။

လေ့လာခဲ့သည့်အိမ်ထောင်စုများ၏ ၈၇% က အခြေခံပညာစာသင်ကျောင်းများကို လက်လှမ်းမီသည်ဆိုသော်လည်း ထိုစာသင်ကျောင်းများ၏ ၄၇% မှာ COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုစတင်ချိန်ကတည်းကပင် ပိတ်ထားခဲ့၏။ ပြန်လည်ဖွင့်လှစ်ထားသည့် စာသင်ကျောင်းများတွင်ပင် တက်ရောက်ပညာသင်ကြားသူဦးရေ အလွန်တရာနည်းပါးသည်။ မိဘများက ၎င်းတို့၏သားသမီးများကို စစ်အုပ်ချုပ်ရေးအောက် 'ကျွန်ပညာရေး' မပေးရန် အာခံငြင်းဆန်ကြခြင်းဖြစ်သည်။ ဗဟိုအစိုးရမှပေးအပ်သောပညာရေးမှာ မိခင်ဘာသာစကားဖြင့် သင်ကြားပေးရမည့်အစား ဗမာဘာသာစကားဖြင့်သင်ကြား ပေးခြင်းဖြစ်ပြီး သင်ရိုးများက ဌာနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းရာဇဝင်ကို ထင်ဟပ်ခြင်းမရှိဘဲ လူများစုဗမာ လူမျိုးကို သာကိုယ်စားပြုသည်။[4] ကမ္ဘာ့ကပ်ရောဂါနှင့် အာဏာသိမ်းမှု၏ အကျိုးရလာဒ်တစ်ခုအနေနှင့် နိုင်ငံတစ်နံ့တစ်လျားမှ ကလေးငယ်များမှာ ပညာရေးနှင့်ကွင်းကွာနေခဲ့ရပြီး ဒေသခံဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် နောင်လာမည့် မျိုးဆက်၏အနာဂတ်အတွက် အလွန်ပူပန်စိုးရိမ်နေရသည်။

မြန်မာနိုင်ငံတွင်းရှိဌာနေတိုင်းရင်းသားများသည် ကျန်းမာရေးနှင့်ပညာရေးကဲ့သို့သော မရှိမဖြစ်လိုအပ်သည့်ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှု နည်းပါးသည့်အပြင် ရေနှင့်လျှပ်စစ်မီးကဲ့သို့သောအလွန်အရေးပါသည့်အရာများကိုလည်း လက်လှမ်း မီရရှိနိုင်မှု အလွန်နည်းပါးသည်။ ABIPA မှသုတေသနပြုလေ့လာခဲ့သည့်ကျေးရွာများ၏ ၄၅% က သောက်သုံးရေအတွက် မိုးရေ၊ စမ်းချောင်းများနှင့် မြစ်များကို မှီခိုအားထားနေကြရပြီး ၂၇% ကသာ သန့်ရှင်းသောရေများကိုပေးပို့ဖြန့်ဖြူးသော ပိုက်လိုင်းတစ်ခုမှ ရယူသုံးစွဲနိုင်ကြသည်။ ရှင်သန်နေထိုင်ရေးအတွက် သဘာဝရေရင်းမြစ်များအပေါ်မှီခိုအားထားနေရခြင်း ကြောင့် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ (ဥပမာ ရွှေတူးဖော်မှု) တိုးမြှင့်ချဲ့ထွင်ခြင်း၏ရိုက်ခတ်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရနိုင်သည်။ ထိုလုပ်ငန်းများက သတ္တုတွင်းစွန့်ပစ်မြေစာများ နှင့်အမှိုက်များကို အနီးပတ်ဝန်းကျင်မှမြစ်ချောင်းများတွင် စွန့်ပစ်လေ့ရှိသည်။

**စားနပ်ရိက္ခာနှင့်အသက်မွေးဝမ်းကျောင်းမှုဖူလုံရေးအပေါ် ပိုမိုကြီးမားလာသောဖိအားများ**

မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ လက်လှမ်းမီရရှိပိုင်ခွင့်ကို ငြင်းဆန်ခဲ့သည့်အပြင် စစ်အာဏာသိမ်းမှုနှင့် တစ်နေ့တစ်ခြား ပိုမိုကြီးမားလာသော ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများသည် ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများ၏ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှုဖူလုံရေး (food

4. South, A. and Lall, M., 2016. Language, education and the peace process in Myanmar. Contemporary Southeast Asia, pp.128-153

and livelihood security) အပေါ်တွင်လည်း ကြီးမားသောဖိအား များဖြစ်ပေါ်စေခဲ့၏။ သုတေသနပြုလေ့လာခဲ့သောနယ်မြေဒေသများအားလုံးမှ ပါဝင်ဖြေကြားခဲ့သူများက ၎င်းတို့၏အသက် မွေးဝမ်းကျောင်းမှုများမှာ တစ်နေ့တစ်ခြားပိုမိုခက်ခဲလာခဲ့ပြီး ဆင်းရဲနွမ်းပါးသူဦးရေ အလျင်အမြန်မြင့်တက်လာနေခဲ့ကြောင်း ပြောဆိုတင်ပြခဲ့ကြသည်။

ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများသည် မြေယာနှင့် သစ်တောအခြေပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (တောင်ယာစိုက်ပျိုးခြင်း၊ နှစ်ရှည်သစ်သီးခြံများစိုက်ပျိုးခြင်းနှင့် သစ်မာမဟုတ်သောသစ်တောထွက်ကုန်များ ကောက်ဆွတ်ရယူခြင်းတို့ အပါအဝင်) အပေါ် အဓိကမှီခိုအားထားကြပြီးတစ်ခါတစ်ရံတွင် အခစားအလုပ်သမားများ (ဆောက်လုပ်ရေးလုပ်ငန်းများနှင့် သမာရိုးကျပုံစံဖြင့်ရွှေကျင်ခြင်း) အဖြစ်ဖြည့်စွက်လုပ်ကိုင်ကြသည်။ ဒေသထုတ်ကုန်များနှင့် စိုက်ပျိုးရေး ထွက်ကုန်များရောင်းချဖို့ရာ သယ်ယူပို့ဆောင်ရန်အတွက် တစ်နေ့တစ်ခြား ပိုမိုခက်ခဲလာခဲ့၏။ လောင်စာဆီဈေးနှုန်းများ တစ်နေ့တစ်ခြားပိုမိုကြီးမြင့်လာသည့်အပြင် ဖြတ်သန်းသွားလာသူများကိုခြိမ်းခြောက်အနိုင်ကျင့်ကာ ငွေကြေးရယူလေ့ရှိသည့်စစ်တပ်စစ်ဆေးရေးဂိတ်များ အလျင်အမြန်တိုးပွားလာခဲ့သောကြောင့်ဖြစ်သည်။ ကြောက်ရွံ့ထိတ်လန့်မှုကပိုမိုကျယ်ကျယ် ပြန့်ပြန့်ဖြစ်တည်လာခဲ့ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၏လုံခြုံရေးအခြေအနေမှာလည်း ယိုယွင်းပျက်စီးလာခဲ့သည်။ အကျိုးဆက် ရလာဒ်တစ်ခုအနေနှင့် စိုက်ပျိုးရေးထွက်ကုန်များကို ဈေးသို့သွားရောက်ရောင်းချခြင်းငှာ မထိုက်တန်တော့ကြောင်း ရပ်ရွာလူမှု အသိုက်အဝန်းများစွာက ပြောကြားတင်ပြခဲ့ကြသည်။ ဈေးသို့မရောက်ခင်မှာပင် ၎င်းတို့ရမည့်အမြတ်ငွေများ ကုန်ဆုံးသွား မည်ဖြစ်သည့်အပြင် အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းသို့မဟုတ် ရိုက်ပုတ်ကြိမ်းမောင်းခြင်းမျိုး ရင်ဆိုင်ကြုံတွေ့ရနိုင်ခြေ အလွန်မြင့်မားသောကြောင့်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကလည်း ရပ်ရွာလူမှုအသိုက်အဝန်းများအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများစွာ ဖြစ်ပေါ်စေခဲ့သည်။ ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများ၏ ပြောကြားချက်အရ မိုးရာသီမှာပိုမိုတိုတောင်းလာခဲ့သည်ဖြစ်ရာ သီးနှံအထွက်နှုန်းများ လျော့ကျသွားခဲ့ကြောင်းနှင့် လာမည့် နှစ်ကာလများတွင် ထိုအခြေအနေမှာပိုမိုဆိုးရွားလာမည်ဟု ၎င်းတို့ခန့်မှန်းထားကြောင်း သိမြင်ရသည်။ ထို့အပြင် သတ္တုတူး ဖော်ရေးနှင့် သယံဇာတထုတ်လုပ်ရေးစီမံကိန်းများကို အရှိန်အဟုန်မြှင့်ကာ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ခြင်းကလည်း ဒေသခံဌာနေတိုင်းရင်းသားများအမှီသဟဲပြုနေရသည့် စိုက်ပျိုးမြေများနှင့်သစ်တောများအပေါ် ပြင်းထန်ဆိုးရွားသောအကျိုးသက်ရောက်မှုများရှိနေသည်။ ဥပမာ သတ္တုတူးဖော်ခြင်းမှ ထွက်ပေါ်လာသောအမှိုက်မြေစာများက တာချီလိတ်မြို့နယ် အတွင်းရှိကျေးရွာများ၏ စိုက်ပျိုးမြေများကိုဖုံးလွှမ်းသွားခဲ့ပြီဖြစ်ရာ ထိုမြေယာများမှာ မြေဆီသြဇာခန်းခြောက်ပြီး စိုက်ပျိုး ထုတ်လုပ်ရန်မဖြစ်နိုင်တော့ပေ။

အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေး (livelihood and food security) အပေါ် ကျရောက်နေသောဖိအားများက တစ်နေ့တစ်ခြားပိုမိုကြီးမားလာခဲ့သဖြင့် ရပ်ရွာလူမှုအသိုက်အဝန်းများအနေဖြင့်

အခြားရွေးချယ်စရာအသက်မွေးဝမ်းကျောင်း မှုနည်းလမ်းများကို ကြံဆရှာဖွေလာခဲ့ရသည်။ အချို့သောလူမှု အသိုက်အဝန်းများသည် ပြိုလဲပျက်စီးသွားသောအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကြောင့် တင်ရှိနေသည့် ကြွေးမြီများကို ပြန်လည်ပေးဆပ်ရန်အတွက် ၎င်းတို့၏လယ်ယာမြေများနှင့် ပိုင်ဆိုင်မှုများကို မလွှဲသာမရှောင် သာရောင်းချခဲ့ရပြီး အချို့မှာလည်း ၎င်းတို့၏အစဉ်အလာစိုက်ပျိုးရေးလုပ်ငန်းများမှ အတင်း အကျပ်ဖယ်ရှား ခံခဲ့ရကာ အသေးစားရွှေတူးဖော်မှုလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်ဆောင်ရွက်နေခဲ့ရသည်။

## သဘာဝသယံဇာတ တူးဖော်ထုတ်ယူခြင်းနှင့် ဒေသခံတို့၏ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး အားထုတ်ကြိုးပမ်း ဆောင်ရွက်ချက်များ

**ကချင်ပြည်နယ်၊ ပူတာအို**

ယခင်အတိတ်ကာလ၌ ပူတာမြို့နယ်တွင်းရှိသစ်တောများ (ဌာနေတိုင်းရင်းသားရဝမ်လူမှုအသိုက် အဝန်းများက Rvawanmong ဟုခေါ်ဆိုသည်) တွင် သစ်မာပင်များ၊ ကြိမ်ပင်များနှင့် ရှားပါးဆေးဖက်ဝင်အပင် များစွာ (ဥပမာ မြောက်ဖျား ပိုင်းဆီးနှင်းဖုံးလွှမ်းနေသောတောင်တန်းများပေါ်တွင် တွေ့မြင်ရသည့် ရှီးပတီး) ပေါများကြွယ်ဝစွာပေါက်ရောက်ခဲ့သည်။ ထိုနယ်မြေဒေသကို ဖြတ်သန်းစီးဆင်းနေသည့် အဓိကမြစ်တစ်စင်း ဖြစ်သော မလိခမြစ်တွင်လည်း ငါးသတ္တဝါများစုံလင်ပေါများ သည့်အပြင် မြေဆီဩဇာကြွယ်ဝသောစိုက်ပျိုး မြေများရှိခြင်းက ဌာနေတိုင်းရင်းသား လီဆူး၊ ရဝမ်နှင့် အခြားသော ကချင်လူမှု အသိုက်အဝန်းများအတွက် စားနပ်ရိက္ခာဆိုင်ရာ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (food sovereignty) ၏အခြေခံအုတ်မြစ်ဖြစ် ခဲ့သည်။ သို့သော် လွန်ခဲ့သော ဆယ်နှစ်တာကာလတလျှောက် သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲ ခြင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်တစ်ရပ်အနေဖြင့် ပြောင်းလဲလာသောမိုးလေဝသပုံစံများ က ဒေသခံရပ်ရွာလူမှု အသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံမှု (livelihoods and food security) အနေအထားကို ပြောင်းပြန်လှန်ပစ်ခဲ့ပြီဖြစ်၏။ အကျိုးရလာဒ်တစ်ခုအနေနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများစွာတို့က အသေးစားရွှေတူးဖော်မှု ဆီသို့ဦးလှည့်သွားခဲ့ပြီး ၎င်းတို့ရှာဖွေရယူသောရွှေများ ကို စစ်အာဏာသိမ်းပြီးချိန်ကစ၍ မလိခမြစ်တလျှောက် ဆတိုးပွားများ လာသော အလတ်စားနှင့်အကြီးစား ရွှေတူးဖော်မှုလုပ်ငန်းများထံသို့ ရောင်းချနေခဲ့ကြသည်။

ပူတာအိုဒေသတွင်း ရေချောင်းများနှင့်မြစ်ကမ်းများတလျှောက် အထိန်းအကွပ်မဲ့ရွှေတူးဖော်ထုတ် လုပ်မှုကို အလျင်အမြန် တိုးမြှင့်လုပ်ဆောင်လာခဲ့ခြင်းက ပြင်းထန်ဆိုးရွားသော ဂေဟစနစ်ဆိုင်ရာအကျိုး သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ မြစ်ကမ်းပါးများနှင့် အနီးဝန်းကျင်မှစိုက်ပျိုးမြေများအား ရေတိုက် စားခြင်း၊ မာကျူရီများကြောင့် မြစ်ချောင်းများအဆိပ်သင့် ညစ်ညမ်းခြင်းနှင့် နုန်းအနည်များပို့ချမှုကြောင့် မြစ်ကြောင်းများကွေ့ကောက်ပျက်စီးခြင်း တို့ပါဝင်သည်။ တွေ့ဆုံမေးမြန်းမှု တွင်ပါဝင်ဖြေဆိုခဲ့သူတို့က ရွှေ

တွင်းများသည် ဒေသခံများစွာတို့၏စိုက်ပျိုးမြေများကို ဝါးမျိုဖျက်ဆီးသွားခဲ့ပြီးဖြစ်ကြောင်းနှင့် အခြေအနေ ပိုမိုဆိုးရွားလာပါက ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မည်သို့မည်ပုံဖြစ်သွားမည်ကိုမသိနိုင်သဖြင့် စိုးရိမ်ပူပန်နေရကြောင်း ထုတ်ဖော်တင်ပြခဲ့သည်။ ပိုမိုတိုးမြှင့်ချဲ့ထွင်လာခဲ့သောရွှေတူးဖော်ထုတ်လုပ်မှုများနှင့် အခြားသော သယံဇာတစီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းများ (ဥပမာ ငါးဖမ်းခြင်းနှင့် အမဲလိုက်ခြင်း ) ကို ကြပ်မတ်ထိန်းသိမ်းရန် အာဏာပိုင် အဖွဲ့အစည်းများထံမှ အားထုတ်ဆောင်ရွက်မှုများ လုံးဝမရှိပေ။ ထိုနယ်မြေဒေသတွင်းရှိ ဌာနေတိုင်းရင်းသားလူမှုအသိုက် အဝန်းများသည် သယံဇာတစီးပွားဖြစ်တူးဖော်ထုတ်လုပ်မှုများကို ပိတ်ပင်တားမြစ်ပေးရန် လိုလားနေကြသည်။



ပုံ (၂) ပူတာအိုဒေသအတွင်း မြစ်ကမ်းပါး သို့မဟုတ် မြစ်ကြမ်းပြင်များပေါ်မှ ရွှေတူးဖော်မှုလုပ်ငန်းအချို့

## ကချင်ပြည်နယ်၊ မြစ်ကြီးနား

မြစ်ကြီးနားဒေသသည် ရွက်ပြတ်ရောနှောတောများစွာတို့၏ ဇာတိမြေဖြစ်ပြီး ယခင်ကဆိုလျှင် ကျွန်း၊ ပျဉ်းကတိုးနှင့် စကားဝါပင်များ အများအပြား ပေါက်ရောက်ရာ သစ်တောများဖြစ်ခဲ့သည်။ ထိုသစ်တောများကို ဌာနေတိုင်းရင်းသားကချင်လူမှုအသိုက် အဝန်းများက မျိုးဆက်များစွာတိုင် အဆင့်ဆင့်လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့၏။ မလိခမြစ်နှင့် အင်မိုင်ခမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံ၏တောင်ဘက် မိုင်နှစ်ဆယ်အကွာမျှတွင်တည်ရှိသော အဆိုပါဒေသသည် ကချင်ရပ်ရွာလူမှုအသိုက်အဝန်း များအတွက် ယဉ်ကျေးမှုပိုင်းဆိုင်ရာအရ အလွန်တရာအရေးပါသောနေရာဒေသတစ်ခုဖြစ်သည်။

မြစ်ကြီးနားဒေသသည် ဒေသခံအိမ်ထောင်စုများ၏ အခြေခံရှင်သန် နေထိုင်စားသောက်မှုကိုဖြည့်ဆည်းပေးနိုင်သည့် ငါးသယံ ဇာတများပေါများ ကြွယ်ဝသောရင်းမြစ်တစ်ခုကို ပိုင်ဆိုင်ခဲ့၏။ သို့သော်လတ် တလောနှစ်ကာလများအတွင်း ခရိုနီများကျော ထောက်နောက်ခံပြုထားသည့် သယံဇာတစီးပွားဖြစ်ထုတ်လုပ်မှုလုပ်ငန်းများကို အလျင်အမြန်တိုးမြှင့်ချဲ့ထွင်လာခဲ့ပြီး သစ်တောသယံဇာတများကို အရှိန်အဟုန်မြင့် ထုတ်ယူခဲ့ကြသည်။ အရင်းအမြစ်များအပေါ် မှီခိုရှင်သန်နေထိုင်နေကြသည့် ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများကို

လုစ်လျူရှုကာ ငါးဖမ်းခွင့်များကို ကုမ္ပဏီများထံရောင်းချခဲ့သည်။

အာဏာသိမ်းပြီးချိန်မှစ၍ မြစ်ဆုံဝန်းကျင်တဝိုက်တွင် ရွှေတွင်းများစွာအလျင်အမြန် အလျှိုအလျှို ပေါ်ထွက်လာခဲ့သည်။ ရွှေ တူးဖော်မှုများက မြစ်ရေအရောင်ပြောင်းလဲမှုနှင့် မြစ်ကမ်းပါးရေတိုက်စားမှုများ ဖြစ်ပေါ်စေခဲ့ပြီး စိတ်ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အလွန်ကြီးမြတ်သောအမွေအနှစ်တစ်ရပ်အဖြစ် ထိုနယ်မြေဒေသတွင်းမှရပ်ရွာလူမှုအသိုက်အဝန်းများမှ သတ်မှတ်ရှုမြင်ထားသည့် နေရာဒေသတစ်ခုကို ပြန်လည်ပြင်ဆင်ကုစား၍မရနိုင်အောင် ဖျက်ဆီးနေခဲ့သည်။ ထိုနယ်မြေ ဒေသတွင်း ရွှေတူးဖော်ထုတ်လုပ်မှုကို အဓိကအားဖြင့် အလွန်ချမ်းသာသောကချင်လူမျိုး Yup Zau Hkawng နှင့် အပေါင်းပါများ (တရုတ်ရင်းနှီးမြှုပ်နှံမှုလည်းပါဝင်နိုင်သည်) ပိုင်ဆိုင်သည့် Jade Land Myanmar Company Ltd., က လုပ်ကိုင်ဆောင်ရွက်နေခဲ့သည်။ အဆိုပါကုမ္ပဏီသည် ၄ ဧကကျယ်ဝန်းသောမြေနေရာပေါ်တွင် အသေးစားရွှေတူးဖော်ထုတ် လုပ်ခွင့်လိုင်စင်တစ်ရပ်သာ ရရှိထားသော်လည်း ပတ်ပတ်လည်အနီးအနားမှမြေယာများကိုဝယ်ယူပြီး အကြီးစားရွှေတူးဖော် ထုတ်လုပ်ရေးစက်ယန္တယားများကို အသုံးပြုကာ ၎င်း၏ လုပ်ငန်းများကို တိုးမြှင့်ချဲ့ထွင်နေခဲ့သည်။ ထိုအဖြစ်ကိုကြည့်လျှင် စစ်အာဏာသိမ်းမှုနောက်ပိုင်း ကချင်ပြည်နယ်တွင်း သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဥပဒေမဲ့ထင်ရာစိုင်းလုပ်ကိုင် ဆောင်ရွက်နေသည့်သဘောသဘာဝကို အထင်အရှားတွေ့မြင်နိုင်သည်။



ပုံ (၃) မြစ်ဆုံတွင် မြစ်ကမ်းပါးပေါ်ရှိရွှေတွင်းများအား ဝေဟင်မှမြင်တွေ့ရသောမြင်ကွင်းများ

ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများနှင့် လှုပ်ရှားတက်ကြွသူများတို့၏ ဆန်းစစ်လေ့လာတွေ့ရှိချက်အရ Jade Land Company သည် မြစ်ဆုံမြစ်ကမ်းပါးများတလျှောက် "ပြန်လည်ပြင်ဆင်ရေး၊ ကာကွယ်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေလှပ ရေး (restoration, conservation and beautification)" ဟူသောခေါင်းစဉ်ဖြင့် ရွှေတူးဖော်ထုတ်လုပ်ခွင့်လုပ်ငန်းသဘောတူ စာချုပ် ရရှိခဲ့ခြင်းဖြစ်သော်လည်း တူးဖော်ထုတ်လုပ်ခြင်း၊ အမြတ်ထုတ်အသုံးချခြင်းနှင့် ပတ်ဝန်းကျင်ရိုဂေဟစနစ်များအား ဖျက်ဆီးခြင်းတို့ကိုသာလုပ်ဆောင်



ပုံ (၄) Mazup (ဝဲဘက်ပုံ) နှင့် Khung Bu  (ယာဘက်ပုံ) ဒေသမှရွှေတွင်းများ



နေခဲ့သည်။ ထိုနယ်မြေဒေသတွင်းရှိ သဘာဝအမွေအနှစ်များအပေါ် ပြန်လည်ပြင်ဆင်ကုစား ၍မရသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခြင်းနှင့်ပတ်သက်၍ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများက ကြေညာချက် တစ်စောင်ရေးသားထုတ်ပြန်ခဲ့သည်။ မြေလွှာဖွဲ့စည်းဖြစ်ပေါ်မှုဖြစ်စဉ် (soil formation) မှာ ပြန်လည်ပြင်ဆင် ကုစားနိုင်သည့်အတိုင်းအတာကို ကျော်လွန်အောင် ပျက်စီးသွားခဲ့ပြီးဖြစ်ကာ ရေတိုက်စားမှုများနှင့် မြစ်ကမ်း ပါးပြိုမှုများဖြစ်ပေါ်နေကြောင်း ထုတ်ပြန်တင်ပြထားသည်။

## ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်

တာချီလိတ်သည် တောင်ပေါ်သစ်တော (montane forests) များ ပေါများကြွယ်ဝစွာ တည်ရှိနေသည့် နေရာဒေသတစ်ခုဖြစ်၏။ ဌာနေတိုင်းရင်းသား အခါ၊ လားဟူနှင့် ရှမ်းလူမှုအသိုက်အဝန်းများသည် သစ်မာ မဟုတ်သော သစ်တောထွက်ကုန်များ (ဥပမာ ဝါး၊ ကြိမ်နှင့် အိမ်ထောင်စုစားသုံးရန် သစ်တောထွက်သစ်သီး များနှင့် ဟင်းသီးဟင်းရွက်များ) အပေါ် မှီခိုရှင်သန် နေထိုင်ကြသည်။ သစ်တောထွက်သယံဇာတများအပေါ် မှီခိုအားထားကြသည်ဆိုသော်လည်း အဆိုပါဒေသတွင် မန်းဂနိစ်ဒိုင် အောက်ဆိုဒ်၊ ရွှေနှင့် ပလက်တီနမ်ကဲ့သို့

သော မြေအောက်သယံဇာတများလည်း ပေါများကြွယ်ဝပြီး ပြင်ပမှကုမ္ပဏီများက ထိုသတ္တုများကိုလာရောက်တူးဖော်ထုတ်လုပ်ကြသည်။ အဆိုပါနယ်မြေအတွင်း အရေအတွက်များပြားလှစွာသောသတ္တုတွင်း များနှင့် တူးဖော်ထုတ်လုပ်သောကုမ္ပဏီများကို အောက်ပါမြေပုံတွင် ရေးဆွဲဖော်ပြထားသည်။




ပုံ (၅) တာချီလိတ်ဒေသအတွင်းရှိ မိုင်းတွင်းများပြမြေပုံ

တာချီလိတ်ဒေသတွင်းရှိ ကျေးရွာများစွာတို့တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို ၂၀၀၉ ကစ၍ စတင်လုပ်ကိုင်ဆောင်ရွက် ခဲ့ကြသည်။ မန်းဂနိစ်ဒိုင်အောက်ဆိုဒ်နှင့် ပလက်တီနမ် တူးဖော်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အဆိုပါနယ်မြေဒေသအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် သတ္တုတူးဖော်ရေးကုမ္ပဏီ ခန့်မှန်းခြေ ၁၅ ခု နှင့် ပြန်လည်သန့်စင်ရေးစက်ရုံတစ်ရုံရှိသည်။ ပြည်တွင်းအမည်ခံလုပ်ငန်းများဖြစ်သော်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများပါရှိသည်။ စံပါရမီ၊ မြင့်ဦးအောင်၊ စိုင်းလုံဟိန်း၊ ဝဏ္ဏသိန်းတန်၊ ကျောက်ဆောင်နီ၊ ဟိန်းလင်းစံ၊ မဟာရွှေလဝန်း (ယခုအခါ White Gold Sky Place ဟုအမည်ပြောင်းခဲ့သည်)၊ စိုင်းဝဏ္ဏ၊ ရွှေဦးရနံ့၊ မောင်မောင်အေး၊ ကျော်ကျော်စိန်၊ စိန်နော်၊ Golden Forest နှင့် Ruby Dragon စသော ကုမ္ပဏီများနှင့် အမည်မသိသော သတ္တုသန့်စင်စက်ရုံတစ်ရုံတို့ ပါဝင်သည်။ အဆိုပါနယ်မြေဒေသအတွင်း သယံဇာတများကို အမြတ်ထုတ် ရယူနေသည့်ကုမ္ပဏီများသည် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများတို့နှင့် အပေးအယူလုပ်ပြီး ဒေသခံ ပြည်သူတို့၏ခြံမြေများကို ၎င်းတို့နှင့်ဆွေးနွေးတိုင်ပင်ခြင်းအလျဉ်းမရှိဘဲ သိမ်းယူခဲ့ကြသည်။ ကျေးရွာတစ်ရွာတွင်ဆိုလျှင် မြေယာ ဧက ၄ ရာခန့်မှာ သတ္တုတွင်းလုပ်ကွက်များအဖြစ် ပြောင်းလဲခြင်းခံခဲ့ရသည်။

ထိုနယ်မြေဒေသတွင်း သတ္တုတူးဖော်မှုကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီး

မှုများ၏ဒဏ်ကို ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများက ခါးစည်းခံနေခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများတွင် သတ္တုတူးဖော်မှုလုပ်ငန်းမှ ထွက်ပေါ်လာသောမြေစာအမှိုက်များကို ဖြစ်သလိုစွန့်ပစ်ခြင်း၊ မြေလွှာတိုက်စားခြင်းနှင့် စိုက်ပျိုးမြေများအား သတ္တုတွင်းစွန့်ပစ်မြေစာများ ဖုံးအုပ်သွားခြင်းတို့ပါဝင်၏။ ထိုစွန့်ပစ်မြေစာများနှင့်အမှိုက်များသည် အနီးပတ်ဝန်းကျင်မှစမ်းချောင်း များအတွင်းသို့စီးဝင်သွားပြီး နယ်မြေဒေသတွင်းမှမြစ်ချောင်းအင်းအိုင်များကို ပျက်စီးစေသည်။ သို့ဖြစ်ရာ ဒေသခံရပ်သူရွာသားများစွာတို့မှာ၎င်းတို့၏ စိုက်ပျိုးမြေများကို လက်လွှတ်ဆုံးရှုံးခဲ့ရကာ အချို့သူတို့၏မြေယာများမှာလည်းသတ္တုတွင်းများကိုဖြတ်သန်းစီးဆင်းလာသော ရေဆိုးများကြောင့် ညစ်ညမ်းပျက်စီးသွားပြီး စိုက်ပျိုးထုတ်လုပ်ရန် မဖြစ်နိုင်တော့ပေ။ သတ္တုတွင်းများသည် ရပ်ရွာလူမှုအသိုက်အဝန်း၏ လယ်ယာမြေများကို ထိခိုက်ပျက်စီးစေခဲ့ရုံသာမ ကဒေသတွင်း သစ်တောများအတွင်းထိ တိုးချဲ့လုပ်ငန်းဆောင်ရွက်မှုကြောင့် သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးကွဲမျိုးစုံ ယိုယွင်းပျက်စီးခြင်းများလည်း ဖြစ်ပေါ်စေခဲ့သည်။ ဒေသခံရပ်သူရွာသားများက သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ယခင်ကငင်းတို့ အားကိုးအားထားပြုခဲ့ရသည့် ဒေသမျိုးရင်းဆေးဖက်ဝင်အပင်များမှာမျိုးသုဉ်းပျောက်ကွယ်သွားခဲ့ကြောင်း၊ သစ်တောများအတွင်း ချေသူငယ်နှင့်တောဝက် ကဲ့သို့သော တောရိုင်းတိရစ္ဆာန်များကို မတွေ့မြင်နိုင်တော့ကြောင်းနှင့် ယခင်ကပေါပေါများများဖြစ်တည်နေခဲ့သည့် ငါး၊ ပုစွန် နှင့်ဂဏန်းကဲ့သို့သော ရေနေသတ္တဝါများကိုလည်း နယ်မြေဒေသတွင်းမှစမ်းချောင်းများနှင့်မြစ်များတွင် မတွေ့မြင်နိုင်တော့ကြောင်း ထုတ်ဖော်ပြောပြခဲ့သည်။



ပုံ (၆) တာချီလိတ်ဒေသအတွင်းရှိ သတ္တုတွင်းများ

နယ်မြေဒေသတဝှမ်းမှ စမ်းချောင်းများ၊ မြစ်လက်တက်များနှင့်မြစ်များတွင် ရေညစ်ညမ်းမှုတစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာခဲ့ခြင်းက ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများကြားတွင် ရေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ စိုးရိမ်သောကဖြစ်မှုများ ပိုမိုမြင့် တက်လာစေခဲ့သည်။ ဒေသခံ ရပ်ရွာလူမှုအသိုက်အဝန်းများ၏ ပြောပြချက်အရ ကျန်းမာရေးပြဿနာဖြစ်ပွားမှုများ ပိုမိုများပြားလာခဲ့ပြီး အနည်းဆုံး ကျေးရွာ ၁၅ ရွာအတွက်သောက် သုံးရေပံ့ပိုးပေးအပ်သည့်အဓိကရင်းမြစ်များမှာ ပျက်စီးသွားခဲ့ကြောင်း သိမြင်ရသည်။




## တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်

တနင်္သာရီမြစ်တလျှောက်ရှိကျေးရွာများတွင် ဒေသခံလူမှုအသိုက်အဝန်းများမှမှီခိုအားထားနေရသည့် သစ်မာမဟုတ်သော သစ်တောထွက်ပစ္စည်းများမှာ အနီးပတ်ဝန်းကျင်သစ်တောများအတွင်း နေရာအနှံ့ဖြစ်တည်နေသည့် သစ်၊ ဝါး၊ ကြိမ်၊ ဝဥ၊ မျှစ်၊ မှိုနှင့် ပျားရည်တို့ဖြစ်သည်။ နယ်မြေဒေသတွင်းမြစ်ချောင်းများတွင် ရှင်သန်ပေါက်ဖွားနေသည့် အမျိုးအစားကွဲပြားစုံလင်သော ငါးသတ္တဝါများက ဒေသခံတို့၏ရှင်သန်နေထိုင်စားသောက်မှုအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်၏။ ဒေသခံလူမှုအသိုက် အဝန်းများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် ကုန်းမြင့်တောင်ယာစိုက်ပျိုးရေးနှင့် သီးနှံသစ်တောရောနှော စိုက်ပျိုးရေး (agroforestry) တို့အပေါ်တွင် မှီခိုအားထားကြသည်။

နယ်မြေဒေသတွင်းရှိ ဌာနေတိုင်းရင်းသားကရင်လူမှုအသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် ဒေသတွင်း ကျင့်ကြံဆောင်ရွက်မှုပုံစံများကို အထောက်အပံ့ပေးသည့် သစ်တောထွက်ပစ္စည်းများ၊ သဘာဝ မြစ်ချောင်းအင်းအိုင်များနှင့် မြေဆီဩဇာကြွယ်ဝသောစိုက်ပျိုးမြေများ အများအပြားရှိသည့်အပြင် တနင်္သာရီတိုင်းဒေသကြီးသည် ကြီးမားသော သံဖြူကြောတစ်ခုပေါ်တွင်တည်ရှိပြီး ရွှေနှင့်ကျောက်မီးသွေးကဲ့သို့သော အခြားဓာတ်သတ္တုအချို့ ထွက်ရှိရာနေရာဒေသတစ်ခု ဖြစ်သည်။ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများက ၎င်းတို့ပတ်ဝန်းကျင်ရှိသစ်တောများနှင့် ကာလကြာရှည် အတူယှဉ်တွဲ နေထိုင်လာခဲ့ပြီးဖြစ်သော်လည်း စီးပွားဖြစ်အကြီးစားသတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဝင်ရောက်လာခဲ့ခြင်းက ဒေသခံလူမှုအသိုက်အဝန်းများနှင့် ၎င်းတို့အမှီသဟဲပြုနေရသည့် ဂေဟစနစ်များအတွက် ကြီးမားသောစိန်ခေါ်မှုအခက်အခဲများစွာ ဖြစ်ပေါ်လာစေခဲ့သည်။ ABIPA မှလုပ်ဆောင်ခဲ့သော သုတေသနပြုလေ့လာမှုတွင် စစ်အာဏာသိမ်းပြီး ချိန်မှစ၍ အဆိုပါနယ်မြေဒေသတွင် ရွှေတူးဖော်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာခဲ့ပြီး စမ်းချောင်းများနှင့် မြစ်လက် တက်ငယ်များတလျှောက် အကြီးစားစက်ယန္တယားများဖြင့် ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ အလျင်အမြန်ဖြစ်ပေါ်လာခဲ့ကြောင်း ဒေသခံလူမှုအသိုက်အဝန်းများက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် စီးပွားရေးသမားလေးဦးသည် တနင်္သာရီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သောဘောလု

ချောင်း၏ ချောင်းဝတွင် ရွှေတူးဖော်မှုလုပ်ငန်းများ ထူထောင် လုပ်ကိုင်လျက်ရှိသည်။ တရုတ်လူမျိုး စီးပွားရေးသမားတစ်ဦးဖြစ်သည့် အဲ့ချန်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) တနင်္သာရီမြို့နယ်ခေါင်းဆောင် ဖဒိုညာဝါး၊ မြိတ်မြို့အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် ABC Company နှင့် ဒေသခံစီးပွားရေးသမားတစ်ဦးဖြစ်သော ကိုရှိန်တို့ဖြစ်သည်။ SAC ထံမှရော၊ KNU ထံမှပါ ခြောက်လတာ ရွှေစူးစမ်းရှာဖွေရေးခွင့်ပြုမိန့် ရရှိထားသည့် အဆိုပါအုပ်စုလေးစုသည် လက်ရှိတွင် ဘတ်ဟိုး ၁၁ စီးဖြင့် အကြီးစားရွှေတူးဖော် ထုတ်လုပ်မှု



ပုံ (၇) ဘောလုချောင်းတလျှောက် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ



ပုံ (၈) တနင်္သာရီမြစ်နှင့်ဘောလုချောင်း ပေါင်းဆုံရာနေရာ မြစ်ကမ်းပါးပေါ်ရှိ ရွှေတူးဖော်မှုလုပ်ငန်း



လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြပြီး မြစ်ကြမ်းပြင်နှင့်မြစ်ကမ်းပါးများအား လျှင်မြန်သောနှင့် ဆိုးရွား ပြင်းထန်သောယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဘောလုချောင်းမှာ ခြောက်လတာကာလ အတွင်းမှာပင် အလုံးစုံ ပျက်စီးသွားခဲ့ကြောင်း၊ တစ်နေ့တစ်ခြားပိုမိုဆိုးရွားလာသော ရေထုညစ်ညမ်းမှုကြောင့် ငါးမျိုးစိတ်များနေရာရွှေ့ပြောင်းသွားခဲ့ ရကြောင်းနှင့် ချောင်းများအတွင်းသို့ သတ္တုတွင်းမှမြေစာအမှိုက်များ စွန့်ပစ်မှုနှင့် နုန်းအနည်ပို့ချမှုများကြောင့် ရေစီးရေလာ ပိတ်ဆို့မှုများဖြစ်ပေါ်စေခဲ့ကြောင်း ဒေသခံရပ်ရွာလူမှု အသိုက်အဝန်းများက ထုတ်ဖော်တင်ပြခဲ့ကြသည်။ တနင်္သာရီမြစ်၏ မြစ်အောက်ပိုင်းတွင်နေထိုင်သော ရပ်ရွာ လူမှုအသိုက်အဝန်းများကလည်း ၎င်းတို့သည် ရွှေတူးဖော်မှုလုပ်ငန်းများတိုးမြှင့် လုပ်ဆောင်လာခဲ့ခြင်း၏ဆိုး ကျိုးသက်ရောက်မှုများကို ကြုံတွေ့ခံစားနေခဲ့ရကြောင်း ပြောဆိုခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဌာနေတိုင်းရင်းသား ကရင်လူမှုအသိုက်အဝန်းများသည် ၎င်းတို့ ပတ်ဝန်းကျင်ရှိသစ်တော များနှင့်ဇီဝမျိုးကွဲမျိုးစုံတို့နှင့် ၎င်းတို့ကြားမှ နီးကပ်သောဆက်နွယ်မှုများကို ဆက် လက်ထိန်းသိမ်းလာခဲ့ကြပြီး ရေရှည်တည်မြဲ စေသည့် သယံဇာတအသုံးပြုမှုစနစ်ကို အားပေးမြှင့်တင်ခြင်းနှင့် အကြီးစားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၏ရန်မှကာကွယ် စောင့်ရှောက်ခြင်းအားဖြင့် ထိုသစ်တောများနှင့်ဇီ ဝမျိုးကွဲမျိုးစုံကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ တက်ကြွအားကောင်း သောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ဆောင်ရွက်နေခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီး၏ တစ်နံတစ်လျားမှ ရပ်ရွာလူမှုအသိုက်အဝန်းများသည် ဒေသခံရပ်ရွာ လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းများကို ဖွဲ့စည်း တည်ထောင်ခဲ့ကြပြီး နယ်မြေဒေသအလိုက် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စစ်အာဏာသိမ်းမှု မတိုင်မီအထိ အစဉ်တစိုက်လုပ်ဆောင်လာခဲ့ကြသည်။ သို့သော် အာဏာသိမ်းမှုနောက်ပိုင်း ကာလတွင်မူ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ၏ အားလုံးပါဝင်သောစုပေါင်းလှုပ်ရှားဆောင်ရွက်မှုများ မှာ သိသိသာသာလျော့နည်းသွားခဲ့သည်။ ရွာသူရွာ သားများက မြန်မာစစ်တပ်မှလက်တုန့်ပြန်ဖိနှိပ်လာမည် ကို ကြောက်ရွံ့ထိတ်လန့်ခြင်းကြောင့်ဖြစ်သည်။[၅]

## ကရင်ပြည်နယ်၊ သံတောင်ကြီး

ကရင်ပြည်နယ်မြောက်ပိုင်း တောင်တန်းများတွင်တည်ရှိသည့် သံတောင်ကြီးသည်ဌာနေတိုင်းရင်း သား ကရင်လူမှုအသိုက်အဝန်းများ၏ ဇာတိမြေဖြစ်သည်။ ထိုရပ်ရွာလူမှု အသိုက်အဝန်းများသည် ၎င်းတို့ ပိုင်နက်နယ်မြေများအတွင်းရှိ သယံဇာတ ပေါများကြွယ်ဝသည့် ကြီးမားကျယ်ပြန့်သော ရွက်ပြတ်သစ်တော များကို ကိုယ်တိုင်စီမံခန့်ခွဲလာခဲ့ကြ၏။ ရပ်ရွာလူမှုအသိုက် အဝန်းပိုင်သစ်တောများတွင် တန်ဖိုးကြီးမားသော

5. For information on indigenous peoples organizations and collective action in Tanintharyi, please see:
- CSLD, RKPIN and TRIPNET. 2015. We will manage our own resources: Karen indigenous people in Kamoethway Demonstrate the Importance of Local Solutions and Community Driven Conservation: ocs.google.com/document/d/1upABd9J6eMaxtEEZQmH0eZs0erJ_s3q0zMrB-4Vw8XpQ/edit
- Conservaiton Alliance Tanawthari. 2020. Tanawthari Landscape of Life: A grassroots alternative to top-down conservaiton in Tanintharyi Region: https://www.iccaconsortium.org/index.php/2020/05/22/tanawthari-landscape-of-life-alternative-to-top-down-conservation/



ပုံ (၉) ၂၀၂၂ ခုနှစ် “မြစ်များနေ့” တွင် ကျင်းပသောဆုတောင်းပွဲအခမ်းအနား

သစ်ပင်မျိုးစိတ်များ (ကျွန်း၊ ပျဉ်းကတိုးနှင့် ဝါးများ အပါအဝင်) နှင့် သစ်မာ မဟုတ်သောသစ်တောထွက်ကုန်များ (ဥပမာ သစ်ခွပင်များ၊ ပျားရည်၊ မှျစ်၊ မှိုများနှင့် ဟင်းသီးဟင်းရွက်များ) ရှိသည်။ ထိုနယ်မြေဒေသအတွင်းရှိ ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် ဝါးများကို ပုံစံမျိုးစုံဖြင့် အသုံးပြုကြသည်။ ဖျာနှင့်ခြင်းတောင်းများရက်လုပ်ခြင်း၊ ဆေးတံများ၊ ခမောက်များ၊ အမဲလိုက်ကိရိယာများ၊ ငှက်လှောင်အိမ်များနှင့် တူရိယာ ပစ္စည်းများ (ဥပမာ ပတ္တလား၊ ပလွေနှင့် ဝါးလက်ခုပ်) ပြုလုပ်ခြင်းတို့ပါဝင်သည်။ ယခင်ကဆိုလျှင် ၎င်းတို့အနေနှင့် မတူခြား နားသော ဝါးမျိုးစိတ်အမျိုးမျိုးကို ရယူအသုံးပြုနိုင်ခဲ့သော်လည်း စီးပွားဖြစ်ဝါးထုတ်လုပ်မှုများကြောင့် ယခုအခါတွင် အချို့ မျိုးစိတ်များမှာ ပျောက်ကွယ်သွားခဲ့ပြီဖြစ်ကြောင်း ဒေသခံရပ်သူရွာသားများ၏ ရှင်းလင်းပြောကြားချက်များအရ သိရှိရသည်။ မိုးနည်းရေရှားမှုများနှင့် စံချိန်တင်အပူချိန်မြင့်တက်မှုကဲ့သို့သော ရာသီဥတုပြောင်းလဲမှု၏ဒဏ်ကို ပိုမိုကြုံတွေ့ခံစားလာခဲ့ရပြီး စိုက်ပျိုးရေးစက်ဝန်းများတွင်အထစ်အငေါ့အခက်အခဲများ ပိုမိုဖြစ်ပွားလာခဲ့သော်လည်း သစ်တောများမှာ ကောင်းမွန်သော အခြေအနေတွင်ရှိနေဆဲဖြစ်ကြောင်း ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများက ရှင်းလင်းပြောပြခဲ့သည်။

# နိဂုံး

မြန်မာနိုင်ငံတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများသည် အရှေ့တောင်အာရှဒေသတွင်း အကြီးမားဆုံးနှင့် တကမ္ဘာလုံးအတိုင်း အတာအရ အရေးအကြီးဆုံးဟုဆိုနိုင်သော သစ်တောအချို့နှင့်ဇီဝမျိုးကွဲမျိုးစုံကို ရေရှည်တည်တံ့စေရန် မျိုးဆက်များစွာတိုင် ကာကွယ်ထိန်းသိမ်းလာခဲ့ကြ၏။ ပူတာအိုရှိ ဆီးနှင်းများဖုံးလွှမ်းနေသောတောင်ထိပ်များမှသည် တနင်္သာရီတိုင်းဒေသကြီး၏ အပူပိုင်းအမြဲစိမ်းတောများနှင့်အဏ္ဏဝါဂေဟစနစ်များထိအောင်ဖြစ်သည်။ ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများသည် သယံဇာတအသုံးပြုမှုနှင့် ရယူအသုံးပြုပိုင်ခွင့် စီမံခန့်ခွဲရေးအတွက် ချမှတ်တည်ဆောက်ထားသော ဒီမိုကရေစီနည်းလမ်းကျသည့် ဒေသအလိုက်ထုံးတမ်းစဉ်လာ စနစ်များကိုအသုံးပြုခြင်းဖြင့် ထိခိုက်ကွဲပျက်လွယ်သော ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်ကာ ထိန်းသိမ်းလာခဲ့ကြသည်။ နိုင်ငံတစ်ဝှမ်းတွင် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများသည် သစ်မာ မဟုတ်သောသစ်တောထွက်ပစ္စည်းများ (ဥပမာ ဟင်းသီးဟင်းရွက်များ၊ မှိုများ၊ ဆေးဖက်ဝင်အပင်များ၊ ဝါးများနှင့် သစ်သီး များ) အတွက် ၎င်းတို့၏သစ်တောများအပေါ်မှီခိုအားထားကြပြီး အဆိုပါအရင်းအမြစ်များအား သေသေချာချာစနစ်တကျ စီမံ ခန့်ခွဲလာခဲ့ခြင်းကြောင့် ထိုသစ်တောများမှာ အမျိုးအစားကွဲပြားစုံလင်သော သစ်ပင်နှင့်တိရစ္ဆာန်မျိုးစိတ်များကို ဆက်လက် အထောက်အပံ့ပေးနိုင်သည့် သစ်တောများအဖြစ် ရှိနေဆဲဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏သစ်တောများနှင့် ၎င်းတို့၏ကာကွယ်စောင့်ရှောက်သူများဖြစ် သော ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများသည် မကြုံစဖူးကြီးလေးပြင်းထန်သောဖိအားများအောက်သို့ ကျရောက်သွားခဲ့၏။ စစ်အာဏာသိမ်းမှုကြောင့် နိုင်ငံတစ်ဝှမ်း ဗရမ်းဗတာအခြေအနေတစ်ရပ်ဖြစ်တည်လာပြီး တရားဥပဒေစိုးမိုးမှုပျက်ယွင်းကာ ချမ်းသာသူများနှင့်အာဏာရှိသူများအတွက် နိုင်ငံ၏မြေယာများနှင့်သယံဇာတများအား အရေးယူခံရမည်ကိုစိုးထိတ်စရာမလို ဘဲ ထင်သလိုအမြတ်ထုတ်ခိုးယူနိုင်သည့် အနေအထားတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ကချင်ပြည်နယ်တွင် ခရိုနီကုမ္ပဏီများ၏ ရွှေတူးဖော်ရေးလုပ်ငန်းများ အလျင်အမြန်တိုးပွားလာခဲ့ခြင်းကြောင့် မြစ်ချောင်းများညစ်ညမ်းသွားခဲ့ပြီး ယဉ်ကျေးမှုအမွေ အနှစ်နယ်မြေများပျက်စီးခဲ့ရပုံနှင့် စိုက်ပျိုးမြေများ ရေတိုက်စားခံရပြီးပျက်စီးသွားခဲ့ပုံကို ကျွန်ုပ်တို့ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ ရသည်။ ထို့အတူ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်လည်း အနီးပတ်ဝန်းကျင်ရှိစိုက်ပျိုးမြေများကို ညစ်ညမ်းပျက်စီးသွားစေခဲ့သည့် အကြီးစားသတ္တုတူးဖော်ရေးစီမံကိန်းများက ရာနှင့်ချီသောရပ်ရွာလူမှုအသိုက်အဝန်းများအား ၎င်းတို့ပိုင်မြေယာများမှဖယ်ရှား ပစ်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်များဦးဆောင်သည့် ရွှေနှင့် သံဖြူတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို အလျင်အမြန်တိုးမြှင့်လုပ်ဆောင်လာခဲ့ခြင်းကြောင့်လည်း အသက်မွေးဝမ်းကျောင်း မှုအတွက်

ဒေသခံ ရပ်ရွာလူမှုအသိုက်အဝန်းများမှ မှီခိုအားထားနေရသည့် ဒေသတွင်းမြစ်ချောင်းဂေဟစနစ်များမှာ ဆိုးဆိုး ရွားရွားထိခိုက်ပျက်စီးသွားခဲ့ပြီဖြစ်သည်။

ယခင်ကဆိုလျှင် ရပ်ရွာလူမှုအသိုက်အဝန်းများသည် ထိုကဲ့သို့သောပြဿနာများကို နယ်မြေဒေသတွင်းလှုပ်ရှားဆောင်ရွက်မှု မှတဆင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။ သို့သော် စစ်အာဏာသိမ်းမှုက ရပ်ရွာလူမှုအသိုက်အဝန်းများ၏ တုန့်ပြန်ဆောင်ရွက် နိုင်စွမ်းကို အကြီးအကျယ်ချည့်နဲ့သွားစေခဲ့သည်။ ရပ်ရွာကော်မတီများနှင့်အဖွဲ့အစည်းများသည် ၎င်းတို့၏အရေးအတွက် များပြားသောအဖွဲ့ဝင်များကို ယခင်ကအတိုင်းဦးဆောင်ညွှန်ကြားနိုင်ခြင်းမရှိတော့ပေ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်းကအလွန်ပင် အန္တရာယ်ကြီးမားသော လှုပ်ရှားဆောင်ရွက်မှုတစ်ရပ် ဖြစ်သွားခဲ့သည်။ တကယ်တမ်းတွင်လည်း သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းကြောင့် ဖမ်းဆီးခံရသူ၊ ရိုက်နှက်ခံရသူ သို့မဟုတ် သတ်ဖြတ်ခံရသူများ အများအပြားရှိနေခဲ့သည်။[၆] တစ်ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးကွဲမျိုးစုံပျက်စီး ဆုံးရှုံးမှုနှင့်ရာသီဥတုပြောင်းလဲမှုအရေးကိစ္စတွင် ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်နေသည့် ဌာနေတိုင်းရင်းသားလူမှု အသိုက်အဝန်းများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်သူများသည် ၎င်းတို့၏ လွတ်လပ်စွာကာကွယ်စောင့် ရှောက်ပိုင်ခွင့် (freedom to protect) ကို လက်လွှတ်ဆုံးရှုံးနေရပြီဖြစ်သည်။

နိုင်ငံတဝှမ်းရှိ ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများမှ ရေးဆွဲပြုစုခဲ့သော ဤသုတေသနအနှစ်ချုပ်စာတမ်းသည် စစ်အာဏာသိမ်းမှုကြောင့် ဌာနေတိုင်းရင်းသားလူမှုအသိုက်အဝန်းများနှင့် ၎င်းတို့၏ ပိုင်နက်နယ်မြေများအပေါ် ကျရောက်လာ ခဲ့သော ဆိုးကျိုးသက်ရောက်မှုများကို ဆန်းစစ်ထုတ်ဖော်တင်ပြထားသည်။ ဒေသခံရပ်ရွာလူမှုအသိုက်အဝန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အခြားသောအဓိကကျသူ (actors) များ အနေဖြင့် အလွန်တရာခက်ခဲကြမ်းတမ်းသောဤကာလအတွင်း မြန်မာနိုင်ငံ၏သစ်တောများနှင့်ဇီဝမျိုးကွဲမျိုးစုံကို ကာကွယ် ထိန်းသိမ်းရေးအလို့ငှာ ဆထက်တံပိုးအားထုတ်ဆောင်ရွက်သွားရန်လည်း တောင်းဆိုတိုက်တွန်းအပ်ပါသည်။ ဌာနေတိုင်းရင်းသားပြည်သူများ၏ ဉာဏ်ပညာ၊ ဖွဲ့လုံ့လနှင့် အသိအမြင်ဗဟုသုတများဖြင့်သာ အဆိုပါသစ်တာများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပေသည်။

6. https://www.mekongeye.com/2022/09/05/how-to-help-myanmars-environment-and-its-defenders/



All Burma Indigenous Peoples' Alliance

ABIPA

# စစ်အာဏာသိမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတည်းဟူသော နှစ်ထွေဆင်းရဲဒုက္ခကြားတွင် ပိတ်မိနေခြင်း

မြန်မာနိုင်ငံတွင်းရှိ ဌာနေတိုင်းရင်းသား လူမှုအသိုက်အဝန်းများက မကြုံစဖူး
ကြီးမားပြင်ထန်သောဖိအားများကြား တရားမျှတမှု ရရှိရေးအတွက်
ဆက်လက်ရုန်းကန်အားထုတ်မှု